



SAMPLE BOOK
mgyoe.com




ISBN 978-99986-52-65-1
9 789998 652651 >
K0543

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၂၅ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စာပေလောကပုံနှိပ်တိုက်၊ ဒေါ်ခင်မြင့်ဝေ (၀၀၄၃၀)
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော် - မိုးထက်မိုး
တန်ဖိုး - ၉၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# ကမ္ဘာကျော် အိပ်ရာဝင်ပုံပြင်များ အတွဲ (၃)

သစ္စာနီ



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | | |
|---|---|---|---|
| ရှုလိုင် | ၁ | ဖိနပ်ချုပ်သမားနှင့် မိစ္ဆာ | ၉ |
| ရှုလိုင် | ၂ | ဖိနပ်ချုပ်သမားနှင့် မိစ္ဆာ | ၁၁ |
| ရှုလိုင် | ၃ | ရေငန်းနှင့် တောစောင့်နတ် | ၁၃ |
| ရှုလိုင် | ၄ | ရေငန်းနှင့် တောစောင့်နတ် | ၁၅ |
| ရှုလိုင် | ၅ | ရေငန်းနှင့် တောစောင့်နတ် | ၁၈ |
| ရှုလိုင် | ၆ | ပေါရိသာဒမိစ္ဆာလေး | ၂၀ |
| ရှုလိုင် | ၇ | ပေါရိသာဒမိစ္ဆာလေး | ၂၂ |
| ရှုလိုင် | ၈ | ပေါရိသာဒမိစ္ဆာလေး | ၂၄ |
| ရှုလိုင် | ၉ | အာပလာမြို့စားလေး | ၂၆ |
| ရှုလိုင် | ၁၀ | အာပလာမြို့စားလေး | ၂၈ |
| ရှုလိုင် | ၁၁ | အာပလာမြို့စားလေး | ၃၀ |
| ရှုလိုင် | ၁၂ | ငါးလိမ့်မှာင့် ရေဘဲဝဲ | ၃၂ |
| ရှုလိုင် | ၁၃ | ကြက်ဖနှင့် ကြက်မ | ၃၄ |
| ရှုလိုင် | ၁၄ | ကြက်ဖနှင့် ကြက်မ | ၃၆ |
| ရှုလိုင် | ၁၅ | ငန်းထိန်းသမလေး | ၃၈ |
| ရှုလိုင် | ၁၆ | ငန်းထိန်းသမလေး | ၄၀ |
| ရှုလိုင် | ၁၇ | ငန်းထိန်းသမလေး | ၄၂ |
| ရှုလိုင် | ၁၈ | ညီနောင်လေးဖော် တူပျော်ပျော် | ၄၄ |
| ရှုလိုင် | ၁၉ | ညီနောင်လေးဖော် တူပျော်ပျော် | ၄၆ |
| ရှုလိုင် | ၂၀ | ညီနောင်လေးဖော် တူပျော်ပျော် | ၄၈ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | | |
|---|---|---|---|
| ရှုလိုင် | ၂၁ | မှော်ပြတင်းသုံးပေါက် | ၅၀ |
| ရှုလိုင် | ၂၂ | မှော်ပြတင်းသုံးပေါက် | ၅၂ |
| ရှုလိုင် | ၂၃ | မှော်ပြတင်းသုံးပေါက် | ၅၄ |
| ရှုလိုင် | ၂၄ | မှော်ပြတင်းသုံးပေါက် | ၅၆ |
| ရှုလိုင် | ၂၅ | ငရဲသို့သွားသူ | ၅၈ |
| ရှုလိုင် | ၂၆ | ဧကရာဇ်မင်း၏ ဝတ်စုံသစ် | ၆၀ |
| ရှုလိုင် | ၂၇ | ဧကရာဇ်မင်း၏ ဝတ်စုံသစ် | ၆၂ |
| ရှုလိုင် | ၂၈ | မျက်ရည်ကန် | ၆၄ |
| ရှုလိုင် | ၂၉ | မှိုဘွားဘွားပုံပြင် | ၆၆ |
| ရှုလိုင် | ၃၀ | မှိုဘွားဘွားပုံပြင် | ၆၈ |
| ရှုလိုင် | ၃၁ | ရတနာတွေ ဘယ်သူခိုးသလဲ | ၇၀ |

***

| | | | |
|---|---|---|---|
| သြဂုတ် | ၁ | ပညာရှင် လယ်သမားမင်းသမီး | ၇၂ |
| သြဂုတ် | ၂ | ပညာရှင် လယ်သမားမင်းသမီး | ၇၄ |
| သြဂုတ် | ၃ | ပညာရှင် လယ်သမား မင်းသမီး | ၇၇ |
| သြဂုတ် | ၄ | မှော်လက်ဆောင်သုံးမျိုး | ၈၀ |
| သြဂုတ် | ၅ | မှော်လက်ဆောင်သုံးမျိုး | ၈၂ |
| သြဂုတ် | ၆ | မှော်လက်ဆောင်သုံးမျိုး | ၈၅ |
| သြဂုတ် | ၇ | ဆိုးပေလေးနှင့် ရွှေသမင် | ၈၇ |
| သြဂုတ် | ၈ | ဆိုးပေလေးနှင့် ရွှေသမင် | ၈၉ |
| သြဂုတ် | ၉ | ဆိုးပေလေးနှင့် ရွှေသမင် | ၉၁ |
| သြဂုတ် | ၁၀ | နတ်ရေစင် | ၉၃ |
| သြဂုတ် | ၁၁ | နတ်ရေစင် | ၉၆ |
| သြဂုတ် | ၁၂ | နတ်ရေစင် | ၉၈ |
| သြဂုတ် | ၁၃ | နတ်ရေစင် | ၁၀၁ |
| သြဂုတ် | ၁၄ | အလကားရတဲ့ ဝက် | ၁၀၃ |
| သြဂုတ် | ၁၅ | ကမ္ဘာပေါ်မှာ အရူးဆုံး | ၁၀၅ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | | |
|---|---|---|---|
| သြဂုတ် | ၁၆ | ကမ္ဘာပေါ်မှာ အရူးဆုံး | ၁၀၇ |
| သြဂုတ် | ၁၇ | ကမ္ဘာပေါ်မှာ အရူးဆုံး | ၁၀၉ |
| သြဂုတ် | ၁၈ | သတ္တိခဲမင်းသမီးလေး | ၁၁၂ |
| သြဂုတ် | ၁၉ | သတ္တိခဲမင်းသမီးလေး | ၁၁၄ |
| သြဂုတ် | ၂၀ | သတ္တိခဲမင်းသမီးလေး | ၁၁၆ |
| သြဂုတ် | ၂၁ | မောင်အေးနှင့် မမွေး | ၁၁၈ |
| သြဂုတ် | ၂၂ | မောင်အေးနှင့် မမွေး | ၁၂၀ |
| သြဂုတ် | ၂၃ | မောင်အေးနှင့် မမွေး | ၁၂၂ |
| သြဂုတ် | ၂၄ | မောင်အေးနှင့် မမွေး | ၁၂၄ |
| သြဂုတ် | ၂၅ | မောင်အေးနှင့် မမွေး | ၁၂၆ |
| သြဂုတ် | ၂၆ | ရေသရဲလေး ဝီလျံ | ၁၂၈ |
| သြဂုတ် | ၂၇ | ရေသရဲလေး ဝီလျံ | ၁၃၀ |
| သြဂုတ် | ၂၈ | ရေသရဲလေး ဝီလျံ | ၁၃၂ |
| သြဂုတ် | ၂၉ | မိုင်းငင်သူသုံးဦး | ၁၃၄ |
| သြဂုတ် | ၃၀ | မိုင်းငင်သူသုံးဦး | ၁၃၆ |
| သြဂုတ် | ၃၁ | မိုင်းငင်သူသုံးဦး | ၁၃၈ |


***


| | | | |
|---|---|---|---|
| စက်တင်ဘာ | ၁ | မောင်မျက်ရည်လေးပုံပြင် | ၁၄၀ |
| စက်တင်ဘာ | ၂ | မောင်မျက်ရည်လေးပုံပြင် | ၁၄၂ |
| စက်တင်ဘာ | ၃ | မောင်မျက်ရည်လေးပုံပြင် | ၁၄၅ |
| စက်တင်ဘာ | ၄ | ဖန်နတ်သမီးလေး | ၁၄၇ |
| စက်တင်ဘာ | ၅ | ဖန်နတ်သမီးလေး | ၁၄၉ |
| စက်တင်ဘာ | ၆ | ဖန်နတ်သမီးလေး | ၁၅၁ |
| စက်တင်ဘာ | ၇ | ဖန်နတ်သမီးလေး | ၁၅၃ |
| စက်တင်ဘာ | ၈ | ဖန်နတ်သမီးလေး | ၁၅၅ |
| စက်တင်ဘာ | ၉ | ဖန်နတ်သမီးလေး | ၁၅၇ |
| စက်တင်ဘာ | ၁၀ | ဆပ်ကပ်ဇာတ်ကြောင်း | ၁၅၉ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| စက်တင်ဘာ ၁၁ | ဆပ်ကပ်ဇာတ်ကြောင်း | ၁၆၁ |
| စက်တင်ဘာ ၁၂ | ဆပ်ကပ်ဇာတ်ကြောင်း | ၁၆၃ |
| စက်တင်ဘာ ၁၃ | အိပ်ပုပ်သော ဝက်ဝံ | ၁၆၅ |
| စက်တင်ဘာ ၁၄ | မင်းသားပေါက်စ ရောမ | ၁၆၇ |
| စက်တင်ဘာ ၁၅ | မင်းသားပေါက်စ ရောမ | ၁၆၉ |
| စက်တင်ဘာ ၁၆ | မင်းသားပေါက်စ ရောမ | ၁၇၁ |
| စက်တင်ဘာ ၁၇ | လိုတရစားပွဲ | ၁၇၃ |
| စက်တင်ဘာ ၁၈ | လိုတရစားပွဲ | ၁၇၅ |
| စက်တင်ဘာ ၁၉ | လိုတရစားပွဲ | ၁၇၇ |
| စက်တင်ဘာ ၂၀ | လိုတရစားပွဲ | ၁၇၉ |
| စက်တင်ဘာ ၂၁ | လိုတရစားပွဲ | ၁၈၁ |
| စက်တင်ဘာ ၂၂ | လိုတရစားပွဲ | ၁၈၃ |
| စက်တင်ဘာ ၂၃ | ကြွက်ကလေးနှင့် မှော်ကမ္ဘာ | ၁၈၅ |
| စက်တင်ဘာ ၂၄ | ကြွက်ကလေးနှင့် မှော်ကမ္ဘာ | ၁၈၇ |
| စက်တင်ဘာ ၂၅ | ကြွက်ကလေးနှင့် မှော်ကမ္ဘာ | ၁၈၉ |
| စက်တင်ဘာ ၂၆ | ကြွက်ကလေးနှင့် မှော်ကမ္ဘာ | ၁၉၁ |
| စက်တင်ဘာ ၂၇ | ကြွက်ကလေးနှင့် မှော်ကမ္ဘာ | ၁၉၃ |
| စက်တင်ဘာ ၂၈ | ကြွက်ကလေးနှင့် မှော်ကမ္ဘာ | ၁၉၅ |
| စက်တင်ဘာ ၂၉ | ကြွက်ကလေးနှင့် မှော်ကမ္ဘာ | ၁၉၇ |
| စက်တင်ဘာ ၃၀ | ငါးကလေး မစပ်စု | ၁၉၉ |


mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၁

## ဖိနပ်ချုပ်သမားနှင့် မိစ္ဆာ

ဟိုးရှေးရှေးတုန်းက ဆင်းရဲတဲ့ သနားစရာ ဖိနပ်ချုပ်သမားတစ်ယောက် ရှိတယ်။ သူ့ဇနီးဟာ အင်မတန် ဆိုးသွမ်းပြီး အချိန်ရှိသမျှ သူ့ကို အမြဲ အပြစ်တင် ကြိမ်းမောင်းနေတတ်တယ်တဲ့။ အဲဒီလိုနဲ့ သည်းမခံနိုင်တဲ့အဆုံး တစ်နေ့မှာတော့ ဖိနပ်ချုပ်သမားဟာ သူပိုင်သမျှ ရှိစုမဲ့စုကလေးတွေကို အထုပ်တစ်ထုပ်နဲ့ ထည့်၊ သယ်ပိုးပြီး အိမ်က တစ်ခါတည်း ထွက်လာခဲ့တယ်တဲ့ကွယ်။

ဒီလိုနဲ့ သူဟာ တစ်နေ့ပြီးတစ်နေ့ လမ်းလျှောက်နေရင်း တစ်နေ့တော့ သူ့ရှေ့မှာ ဝုန်းခနဲ ရုတ်တရက် မီးတောက်မီးလျှံတစ်ခု ပေါ်လာပြီး အဲဒီ မီးတောက်ထဲက မိစ္ဆာ ဆိုတဲ့ မကောင်းဆိုးဝါးတစ်ကောင် ထွက်လာတယ်တဲ့။ မိစ္ဆာက–

"ဘယ်သွားမလို့လဲ မိတ်ဆွေ"

လို့ ဖိနပ်ချုပ်သမားကို နှုတ်ဆက်တယ်တဲ့။ ဒီတော့ သနားစရာကောင်းတဲ့ ဖိနပ်ချုပ် သမားဟာ သူ့ဘဝရဲ့ ဒုက္ခတွေကို မိစ္ဆာကို အားလုံး ဖွင့်ပြောပြလိုက်တယ်။ ဒီတော့ မိစ္ဆာက–

"မင်းကို ငါ ကိုယ်ချင်းစာနိုင်ပါတယ်ကွာ။ ငါကိုယ်တိုင်လဲ အင်မတန် ဆိုးတဲ့ ငါ့မိန်းမဆီက ထွက်ပြေးလာခဲ့တဲ့ သူပဲ။ အဲဒီမိန်းမပေါ့ ငါ့ကို ငရဲကျအောင် လုပ်တာ။ တစ်နေ့လုံး မိုးလင်းက မိုးချုပ် ငါတတ်နိုင်တာမှန်သမျှ တစ်ခုပြီးတစ်ခု ခိုင်းတယ်။ အဲ... ညရောက်လို့ အိပ်မယ် ဆိုပြီး ခုတင်ပေါ် လှဲချလိုက်တော့လဲ သူက

mgyoe.com

mgyoe.com

ငှါခေါင်းအုံးအောက်မှာ ခရစ်တော်ရဲ့ လက်ဝါးကပ်တိုင်ပုံကို ချထားလေတော့ တစ်ညလုံး တစ်မှေးမှ အိပ်မရပါဘူးကွာ”

လို့ ညည်းညည်းညူညူနဲ့ ပြောတယ်။ အဲဒီလိုနဲ့ သူတို့ ဘဝတူနှစ်ယောက်ဟာ ခင်မင်တဲ့ မိတ်ဆွေတွေ ဖြစ်သွားကြတယ်တဲ့။

နှစ်ယောက်သား အတူတူ ခရီးဆက်လာကြရင်း တစ်နေ့တော့ နိုင်ငံတစ်နိုင်ငံကို ရောက်သွားကြတယ်။ ဒီတော့ မိစ္ဆာက–



“မိတ်ဆွေ၊ ကျုပ် တစ်ခုပြောမယ်။ ငါနန်းတော်ထဲ သွားပြီး ဘုရင်ကြီးရဲ့ သမီးတော်ကို ပူးကပ်နှောင့်ယှက်မယ်။ ဘယ်သမားတော်ကမှ မင်းသမီးလေးရဲ့ ရောဂါကို ပျောက်အောင် ကုနိုင်မှာ မဟုတ်ဘူး။ ဒီတော့မှ မိတ်ဆွေက သမားတော် ယောင်ဆောင်ပြီး ဘုရင်ကြီး ရှေ့တော်မှောက် ဝင်၊ သမီးတော်ကို ကုဖို့ ပြင်ပေတော့။ သင် ကုတာနဲ့ ကျုပ်ကလဲ ပူးကပ်နေတာကို ခွာလိုက်မယ်။ မင်းသမီးလေး အကောင်းပြန်ဖြစ်ရင် ကုသခ ဆုလာဘ်တွေ ကောင်းကောင်းရလိမ့်မယ်”

လို့ အကြံပေးတယ်။ ဖိနပ်ချုပ်သမားကလည်း သဘောတူလိုက်တယ်။

ဒီလိုနဲ့ မိစ္ဆာက ဘုရင့်သမီးတော်လေးကို ပူးကပ်လိုက်တော့ ဘုရင့်သမီးတော်လေးဟာ အကြောင်းမဲ့ တငိုငို တရယ်ရယ် ဖြစ်နေတယ်။ သူ့နဂိုစိတ် ပျောက်နေတာပေါ့လေ။ ဘုရင်လည်း အကောင်းဆုံး သမားတော်တွေကို ခေါ်ကုပါတယ်။ မပျောက်ဘူး။ နောက်ဆုံးတော့ ဆေးဆရာလို ဝတ်ထားတဲ့ ဖိနပ်ချုပ်သမား ရောက်လာပြီး သူ ပျောက်အောင် ကုနိုင်ပါတယ်လို့ ပြောတယ်။ ဘုရင်ကလည်း ဝမ်းမြောက်ဝမ်းသာ ကုသခွင့်ပေးလိုက်တာပေါ့ကွယ်။

☺

mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၂

## ဖိနပ်ချုပ်သမားနှင့် မိစ္ဆာ

ဒီလိုနဲ့ မင်းစေတွေလည်း ဖိနပ်ချုပ်သမားကို မင်းသမီးလေးရဲ့ အခန်းကို ခေါ်သွားတော့တာပေ့ါ။ အခန်းထဲရောက်လို့ မိတ်ဆွေ ဖိနပ်ချုပ်သမားကိုလည်း မြင်ရော မိစ္ဆာဟာ မင်းသမီးလေး ကိုယ်က ခွာပြီး အခန်းထဲက မီးခိုးခေါင်းတိုင်ကတစ်ဆင့် တစ်ခါတည်း ထွက်ပြေးသွားတော့တယ်။ မင်းသမီးလေးလည်း နဂိုအတိုင်း လုံးဝ အကောင်းပကတိ ဖြစ်သွားတာပေ့ါလေ။

ဘုရင်ကြီးလည်း ဝမ်းသာအားရဖြစ်ပြီး ဖိနပ်ချုပ်သမားကို ရွှေတုံးရွှေခဲတွေ ဆုငွေအဖြစ် ပေးသနားလိုက်တယ်။ မြို့ပြင်ရောက်မှ သူတို့နှစ်ယောက်ဟာ အဲဒီဆုငွေတွေကို အညီအမျှ ခွဲဝေယူကြတယ်။ အဲဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ တစ်မြို့ပြီး တစ်မြို့၊ တစ်နိုင်ငံပြီး တစ်နိုင်ငံ အဲဒီနည်းနဲ့ လှည့်လည်ပြီး လိမ်နေလိုက်ကြတာ အချိန်တော်တော် ကြာသွားတယ်။ မင်းသမီးလေးတွေကို မိစ္ဆာက ပြုစားလိုက်၊ ဖိနပ်ချုပ်သမားက ပျောက်ကင်းအောင် ကုပေးလိုက်နဲ့ပေ့ါလေ။

တစ်နေ့တော့ မိစ္ဆာက ဖိနပ်ချုပ်သမားကို ပြောတယ်။

"ကျုပ်တော့ ဒီအလုပ်လုပ်ရတာ ကြာတော့ ငြီးငွေ့လာပြီ။ ခင်ဗျားလဲ ခင်ဗျား လိုသလောက် ရွှေတွေ ရနေပြီ။ ဒီတော့ အိမ်ပြန်ပြီး အဲဒါတွေနဲ့ သုံးစွဲနေထိုင်ပေတော့။ ကျုပ်ကတော့ မင်းသမီးလေးတစ်ပါးကို ပြုစားရမယ်။ သူ့ဝိညာဉ်ကို ကျုပ်အမော်အဖြစ်နဲ့ ငရဲကမ္ဘာကို ခေါ်သွားမယ်။ ခင်ဗျားကို တစ်ခုတော့

mgyoe.com

mgyoe.com
SAMPLE BOOK


သတိပေးစကား ပြောလိုက်မယ်။ အဲဒီမိန်းကလေးကိုတော့ ရောဂါပျောက်အောင် လာမကုလေနဲ့။ လာကုရင်တော့ ခင်ဗျား တစ်သက်လုံး ဘဝဆုံးတဲ့တိုင် ခင်ဗျား မိန်းမ နှိပ်စက်ညဉ်းဆဲတာကို ခံနေရလိမ့်မယ်"



ဖိနပ်ချုပ်သမားကလည်း သဘောတူလိုက်တယ်။ သူတို့ဟာ မိတ်ဆွေကောင်းတွေပီပီ နှုတ်ဆက်ပြီး လမ်းခွဲလိုက်ကြတယ်။ ဖိနပ်ချုပ်သမားလည်း သူ့အိမ် ပြန်လာခဲ့တာပေါ့။ သူ့မှာ ရွှေတွေ အများကြီး ပါလာတာ မြင်တော့ သူ့မိန်းမက ဝမ်းသာအားရ လက်ခံတယ်။ သူ့ကိုလည်း ကောင်းကောင်းမွန်မွန် ချက်ပြုတ်ကျွေး၊ ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်ပေါ့လေ။ ဖိနပ်ချုပ်သမားလည်း သဘောကျနေတာပေါ့။ ဒါပေမဲ့–

တစ်နေ့တော့ သူတို့အိမ်တံခါးကို ဘုရင့်ရဲမက်တွေက လာခေါက်တယ်။ ဘုရင့် သမီးတော်လေး မိစ္ဆာ ပူးကပ်နေလို့ လာကုသပေးဖို့ ဘုရင့်အမိန့်တော်နဲ့ ဆင့်ခေါ်ဖို့ လာတာတဲ့။ အကယ်လို့ ကုသပေးဖို့ ငြင်းဆန်ရင် နေရာမှာပဲ ပစ်သတ်ဖို့ မှာလိုက်သေးတယ်တဲ့။ ဖိနပ်ချုပ်သမားကတော့ မသွားချင်ဘူး။ မိစ္ဆာကို ပေးခဲ့တဲ့ ကတိကို မဖျက်ချင်ဘူး။ ဒါပေမဲ့ သူ့မိန်းမကတော့ သွားကုဖို့ အတင်းတိုက်တွန်းတယ်။ နောက်ဆုံးတော့ သူလည်း စစ်သည်ရဲမက်တွေ ခေါ်ရာ လိုက်ခဲ့ရတာပေါ့လေ။



မင်းသမီးလေး အခန်းထဲကို ဝင်သွားတော့ သူ့ကို မြင်လိုက်တယ် ဆိုရင်ပဲ မိစ္ဆာက ကတိမတည်တဲ့လူလို့ အပြစ်တင်တာပေါ့။ ဒီတော့ ဖိနပ်ချုပ်သမားက–

"မိတ်ဆွေ၊ ဒါ ကျုပ်ဆန္ဒနဲ့ မဟုတ်ပါဘူးဗျာ။ ကျုပ်တို့ မိန်းမတွေဟာ ကျုပ်တို့ကို နဖားကြိုးထိုးပြီး ခိုင်းဖို့ကိစ္စပဲ ရှာကြံနေကြတာဗျ" လို့ ပြောလိုက်တယ်။

ဒီစကားလည်း ကြားရော မိစ္ဆာဟာ မီးခိုးခေါင်းတိုင်ထဲက ထွက်ပြေးသွားရောတဲ့။ မင်းသမီးလေးလည်း ရောဂါပျောက်သွားရောတဲ့။ ဖိနပ်ချုပ်သမားကတော့ သေတဲ့အထိ သူ့မိန်းမ နှိပ်စက်စေခိုင်းတာကို ငရဲကျနေသလို ခံနေရတော့တယ်တဲ့ကွယ်။

*» The Cobblen and the Devil*

☺

mgyoe.com

m.g y o e . c o m SAMPLE BOOK

ဇူလိုင် ၃

## ရွှေငန်းနှင့် တောစောင့်နတ်

ဟိုးတစ်ခါတုန်းကတဲ့ကွယ်။ တောင်သူလယ်သမား ဇနီးမောင်နှံမှာ အရွယ်ရောက်ပြီးတဲ့ သားသုံးယောက် ရှိတယ်တဲ့။ ပထမ သားအကြီးက ပါးရည်နပ်ရည် ရှိတယ်။ ဒုတိယသားက ပျင်းရိတယ်။ အငယ်ဆုံး တတိယသားကတော့ ဒေစီပန်းလေး တစ်ပွင့်လိုပဲ အမြဲ စိတ်ကူးယဉ် အိပ်မက်နေတတ်တဲ့ သူငယ်တဲ့။

အဖေနဲ့ အမေက ရှေ့က သားနှစ်ယောက်ကို ကောင်းကောင်း ပြုစုစောင့်ရှောက်ကြသလောက် အငယ်ဆုံးသားလေးကိုတော့ ဂရုမစိုက်ကြဘူးတဲ့။ ကြင်ကြင်နာနာ စကားလေး တစ်လုံးတောင် ပြောဖော်မရဘူး။ အသိဉာဏ် မရှိတဲ့ လူနုံလူအ,မို့ လူအ,လို့ပဲ တစ်အိမ်လုံးက ခေါ်ကြတယ်တဲ့။

တစ်နေ့တော့ သူတို့အမေဟာ သားအကြီးကို တောထဲကို ထင်းခွေလွှတ်တယ်။ သားကြီး ယူသွားမယ့် ခြင်းတောင်းထဲမှာ အကောင်းဆုံး ကိတ်မုန့်ကို ဖုတ်ပြီး အကောင်းဆုံး ဝိုင်အရက်ချိုပုလင်းကို ထည့်ပေးလိုက်တယ်တဲ့။ သားကြီးဟာ တောထဲရောက်တော့ ထင်းမခုတ်သေးဘဲ ပါလာတဲ့ အစားအစာတွေကို အရင်စားဖို့ ပြင်တယ်။ အဲသလို ပြင်နေတုန်း သူ့ဘေးကို ဆံပင်ဖြူဖြူနဲ့ လူအိုလေးတစ်ယောက် ရောက်လာတယ်တဲ့။ လူအိုလေးလို့ ပြောရတာကတော့ သူ့ခန္ဓာကိုယ်က မှိုပွင့်ကလေးလောက်ကို သေးငယ်နေလို့ပဲကွဲ့။ အဲဒီ လူအိုလေးက–

"လူကလေး၊ မင်းရဲ့မုန့် ငါ့ကို နည်းနည်းလောက် ကျွေးပါလားကွယ်"

mgyoe.com

 mgyoe.com SAMPLE BOOK 

လို့ တောင်းတယ်။ သားကြီးက–

"ဘာလို့ ကျွေးရမှာလဲ၊ ကျုပ်တောင် မဝဘူး" လို့ မောက်မောက်မာမာ ပြန်ပြောတယ်တဲ့။

ဒီတော့ လူအိုလေးက–



"အင်း... မင်း မကြာခင် ငါ့အကြောင်း သိရမှာပေါ့"

လို့ ပြောပြီး သူ့ရှေ့မှာတင် ပျောက်ကွယ်သွားတယ်တဲ့။ စားသောက်ပြီးတော့ သားကြီးဟာ သစ်ခုတ်ဖို့ ပြင်တယ်။ ဒါပေမဲ့ သူ ခုတ်လိုက်တာ သစ်ပင်ကို မခုတ်မိဘဲ သူ့လက်ကိုပဲ ခုတ်မိလို့ ကြောက်လန့်တကြား အော်ပြီး အိမ်ပြန်ပြေးပါရောတဲ့။

သူ့အမေက ဒုတိယသားလတ်ကို လွှတ်ပြန်တယ်။ သားကြီးလိုပဲ ကိတ်မုန့် ကောင်းကောင်းနဲ့ ဝိုင်အရက်ချို ထည့်ပေးလိုက်တယ်။ တောထဲရောက်တော့ သားလတ်ဟာ သစ်မခုတ်သေးဘဲ မုန့်တွေ အရင်စားဖို့ ပြင်တယ်။ ပထမတုန်းကလိုပဲ လူအိုလေး ထွက်လာပြီး တောင်းတယ်။ သားလတ်ကလည်း မောက်မောက်မာမာ ပြောပြီး ငြင်းလိုက်တယ်။

သူက သူ့အစ်ကိုဆီက သင်ခန်းစာ ယူတယ်။ လက်ကို မထိမိလေအောင် ဂရုတစိုက်ထားပြီး ခုတ်လိုက်တယ်။ ဒါပေမဲ့ ပုဆိန်က ချော်ပြီး သူ့ခြေထောက်ကို ခုတ်မိတယ်တဲ့။ သူလည်း ကြောက်လန့်တကြား အော်ပြီး အိမ်ပြန်ပြေးတော့တာပဲ။

ဒီတစ်ခါတော့ သူ့အမေက သားအငယ်ဆုံးကို လွှတ်ဖို့ပြင်တယ်။ သူကော ဘာကို ခုတ်မိမယ်လို့ ကလေးတို့ ထင်သလဲဟင်။

☺

mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၄

## ရွှေငန်းနှင့် တောစောင့်နတ်

တတိယသား မောင်လူအလေး သစ်ခုတ်သွားမယ်လုပ်တော့ သူ့အမေက ဘာတွေ စားစရာထည့်ပေးလိုက်သလဲ ဆိုတော့ မကျက်တကျက်နဲ့ မာနေတဲ့ ပေါင်မုန့်နဲ့ အညံ့စား ဘီယာပုလင်းတဲ့ကွယ်။

သူ မောကြီးပန်းကြီးနဲ့ တောထဲရောက်လာတော့ အဲဒီလူအိုလေးနဲ့ တွေ့ပြန်ရော။ တကယ်တော့ ဒီလူအိုလေးဆိုတာ ကြင်နာတတ်တဲ့လူကို ကူညီဖို့ စောင့်နေတဲ့ သစ်တောစောင့် နတ်ကလေးပဲ။ သူ့ခွင့်ပြုချက် မရရင် ဒီတောထဲက အပင်တွေကို ဘယ်သူမှ ခုတ်လို့မရဘူး။ လူအိုလေးက မောင်လူအဆီက စားစရာ တောင်းတော့–

“ခင်ဗျား ကြိုက်သလောက်သာ ယူစားပါ။ တစ်ခုတော့ ရှိတယ်။ ပေါင်မုန့် မာမာနဲ့ ဘီယာညံ့ညံ့ ဆိုတော့ ကျွန်တော့် စားသောက်စရာတွေက မကောင်းဘူး ခင်ဗျ” လို့ ပြောတယ်။ ဒါပေမဲ့ ထူးဆန်းတာက အစားအသောက် ထည့်လာတဲ့ ခြင်းတောင်းကို လူအိုလေးကလည်း ဖွင့်လိုက်ရော အထဲက ပေါင်မုန့်ဟာ အကောင်းစားကိတ်မုန့် ဖြစ်နေတယ်တဲ့။ ပုလင်းထဲက အညံ့စား ဘီယာကလည်း ဝိုင်ချို ဖြစ်နေတယ်တဲ့။ စားသောက်ပြီးတော့ လူအိုလေးက မောင်လူအကို–

“ဟောဟိုက ခြောက်နေတဲ့ သစ်ပင်ကိုသာ ရွေးခုတ်ပေတော့။ သစ်ပင်

mgyoe.com

mgyoe.com SAMPLE BOOK

လဲသွားရင် ပင်ခြေမှာ တစ်ခုခု တွေ့လိမ့်မယ်။ အဲဒါကို မင်း ယူပြီး တစ်ရပ်တစ်ကျေးကို သွားပေတော့။ မင်းအတွက် ကံကောင်းတဲ့ အဖြစ်တွေနဲ့ ကြုံရလိမ့်မယ်” လို့ ပြောပြီး ပျောက်ကွယ်သွားတော့တယ်တဲ့။

ညွှန်ပြတဲ့ သစ်ပင်ကို ခုတ်လိုက်တော့ ပင်ခြေမှာ ငန်းတစ်ကောင်ကို တွေ့ရတယ်တဲ့။ အဲဒီငန်းရဲ့ အမွေးအတောင်တွေအားလုံးဟာ ရွှေရောင် တောက်ပနေတယ်တဲ့။ အဲဒီရွှေငန်းကို ပိုက်ပြီး မောင်လူအလည်း တောထဲက ထွက်ခဲ့တယ်။



သူနဲ့ ပထမဆုံး စတွေ့တာက လယ်သမား သမီး သုံးယောက်ပဲ။ သူတို့ထဲက တစ်ယောက်က ရွှေငန်းကို မြင်တော့ အမွေးအတောင် တစ်ခု လိုချင်တာနဲ့ မောင်လူအ မသိအောင် အလစ်မှာ ငန်းတောင် တစ်တောင်ကို ဆွဲနုတ်လိုက်တယ်။ ဒါပေမဲ့ ထူးဆန်းတာက ငန်းတောင်က သူ့ဆီ ပါမသွားဘဲ ငန်းတောင် ထိမိတဲ့ သူ့လက်ကသာ ဘယ်လိုမှ ခွာမရဘဲ အဲဒီငန်းမွေးမှာ ကော်နဲ့ ကပ်ထားသလို ကပ်နေတော့တယ်။ ကျန်တဲ့ ညီအစ်မနှစ်ယောက်က အဲဒါကို တွေ့တော့ သူတို့ ညီမကို ကူဖို့ လှမ်းဆွဲကြတယ်။ သူတို့လည်း တစ်ယောက်ပြီး တစ်ယောက် ခွာမရအောင် ကပ်နေရောတဲ့။

သူ့သမီးသုံးယောက် ငန်းပိုက်ထားတဲ့ လူငယ်နောက် စီတန်းပါသွားတာ မြင်တော့ လယ်သမားဟာ တားရအောင် လှမ်းဆွဲတယ်။ သူလည်း သူ့သမီးတွေလိုပဲ ကပ်ပါသွားပြန်ရောတဲ့။ ဒီလိုနဲ့ လယ်သမားကို လှမ်းဆွဲတဲ့ သူ့မိတ်ဆွေ နွားကျောင်းသား၊ နွားကျောင်းသားကို လှမ်းဆွဲတဲ့ သူဘရာဇာ၊ သူဘရာဇာကို လှမ်းဆွဲတဲ့ ဆိတ်ကလေးတစ်ကောင် ပိုက်လာတဲ့ မိန်းမကြီး၊ အဲဒီမိန်းမကြီးကို လှမ်းဆွဲတဲ့ မင်္ဂလာဆောင်သွားမယ့် သတို့သား၊ အဲဒီသတို့သားကို လှမ်းဆွဲတဲ့ သတို့သားရဲ့ ရွှေလက်ပတ်နာရီ ဖြုတ်တဲ့ သူခိုး။ အဲဒီသူခိုးက သူခိုးလာတဲ့ ဝက်တစ်ကောင်ကို ကြိုးနဲ့လည်း ဆွဲလာသေးတာကိုး။ အဲဒီဝက်ကို ကြိုးဖြေပြီး ခိုးဖို့ ကြိုးစားတဲ့

mgyoe.com

m gyoe.com SAMPLE BOOK

နယ်လှည့်မျက်လှည့်သမားအုပ်စု စသည်ဖြင့် တသီတတန်း လူအုပ်ကြီးဟာ ရှေ့င်နိုး ပိုက်ပြီး ရှေ့က သွားနေတဲ့ လူငယ်နောက် တစ်ယောက်ကို တစ်ယောက် ဆက်ပြီး တန်းလန်းကြီး ပါလာတယ်တဲ့။

မောင်လူအ ကတော့ အဲဒါတွေ ဘာမှမသိဘူး။ သူက စိတ်ကူးယဉ် အိပ်မက် မက်ပြီး သူ့ဘာသာ ငန်းပိုက်ပြီး ရှေ့က တစိုက်စိုက် သွားနေတာပဲ၊ ဒီလိုနဲ့ ဘုရင်နန်းစိုက်တဲ့ ရွှေမြို့တော်ကို ရောက်လာတော့တယ်တဲ့။

☺



mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၅

## ရွှေငန်းနှင့် တောစောင့်နတ်

အဲဒီနန်းတော်မှာ အမေ သေသွားလို့ ဝမ်းနည်းပူဆွေးနေတဲ့ မင်းသမီးလေးတစ်ပါး ရှိတယ်။ နှစ်ကာလတွေ ကြာလာတာတောင် လုံးဝ ရယ်ခြင်း၊ ပြုံးခြင်း မရှိဘူးတဲ့။ ဒါကြောင့် ဘုရင်ကြီးက သူ့သမီးတော်ကို ရယ်ပြုံးအောင် လုပ်နိုင်သူကို သမီးတော်နဲ့ လက်ထပ် ပေးစားမယ်လို့ ကြေညာမောင်းခတ်ထားတယ်။ သမီးတော် ရယ်အောင် အမျိုးမျိုး လာလုပ်ပြတဲ့သူတွေ ရှိပေမယ့် သမီးတော်က လုံးဝ မရယ်တော့ သူတို့ ကြိုးစားမှုဟာ အလကားဖြစ်ပြီး ပြန်ပြန်သွားရတယ်တဲ့။

အဲဒီနေ့ကလည်း ထုံးစံအတိုင်း သမီးတော်ဟာ နန်းတော်ပြတင်းပေါက်က ထိုင်မှိုင် တွေနေတုန်း–

ရွှေငန်းပိုက်သော လူငယ်လေးနဲ့ သူ့နောက်က တစ်ယောက်ကို တစ်ယောက် ထိပြီး လိုက်ပါလာတဲ့ လူတန်းကြီးကို မြင်လိုက်ရတော့ ရယ်စရာ ကောင်းလွန်းလို့ ခွက်ထိုးခွက်လန် ရယ်မိတယ်တဲ့။ တကယ်လည်း ရယ်စရာ ကောင်းတာကိုး။ အဲဒီထဲမှာ သတို့သားလည်း ပါ၊ ဆိတ်နဲ့မိန်းမလည်း ပါ၊ သူခိုးလည်း ပါ၊ လူစုံပဲ မဟုတ်လား။

ကြေညာချက်အတိုင်းဆိုရင် ဘုရင်ကြီးက အဲဒီလူအနဲ့ သူ့သမီးလေးကို ပေးစားရတော့မှာပေါ့။ ဒါပေမဲ့ သာမည တောသားတစ်ယောက်နဲ့ သူ့သမီးကို မပေးစားချင်တာနဲ့ ဘုရင်ကြီးက–

mgyoe.com

mgyoe.com SAMPLE BOOK

"မင်း ငါ့သမီးနဲ့ လက်ထပ်ချင်တယ်ဆိုရင် မြေတိုက်ခန်းထဲက ဝိုင်အရက်တွေ အားလုံး တစ်ထိုင်တည်းနဲ့ ကုန်အောင် သောက်ပြရမယ်။ တောင်လောက်မြင့်အောင် ဖုတ်ထားတဲ့ ကိတ်မုန့်ကြီးကိုလဲ တစ်ထိုင်တည်း ကုန်အောင် စားပြရမယ်" လို့ ညစ်ပြီး ပြောတယ်။



မောင်လူအ,လည်း လယ်သမားသမီး ထိထားတဲ့ သူ့ငနန်းရဲ့ အမွေးကို ဆွဲနုတ်လိုက်တယ်။ ဒီတော့မှ လူတွေလည်း တစ်ယောက်နဲ့တစ်ယောက် ကပ်နေရာက ခွာလို့ရပြီး သူတို့ လိုရာ ထွက်သွားကြတယ်။ မောင်လူအကတော့ သူ ရောက်ခဲ့တဲ့ မူလ တောလေးထဲကို ပြန်လာပြီး အဲဒီငန်းကို တွေ့ခဲ့တဲ့နေရာမှာ ပြန်ထားပြီး–

"ကျွန်တော် ဒုက္ခရောက်နေလို့ ကယ်ပါဦး၊ တောစောင့်နတ်လေး" လို့ တ,လိုက်တော့ လူအိုလေး ရောက်လာပြီး–

"မင်း ဘာအခက်အခဲ တွေ့နေတာလဲ ပြော" လို့ မေးတယ်။ သူ့အခက်အခဲကို မောင်လူအ,က ပြောပြလိုက်တော့–

"ဒါဆိုရင်တော့ မင်းကို ငါ ဝမ်းမြောက်ဝမ်းသာ ကူညီပါ့မယ်။ ငါ မနက်ကတည်းက ပုဆိန်ဆယ့်နှစ်လက်ပဲ စားရသေးလို့ သိပ်ဆာနေတာ။ ဗိုက်ထဲမှာ ဘင်သံတောင် မြည်နေပြီ" လို့ ဝမ်းသာအားရ ပြောတယ်။

ပြီးတော့ မောင်လူအနဲ့ အတူ နန်းတော်လိုက်လာပြီး မြေတိုက်ခန်းထဲက ဝိုင်တွေ အကုန်သောက်၊ ဖုတ်ထားတဲ့ ကိတ်မုန့်တွေ အကုန်စားပစ်လိုက်တယ်။ ဒီတော့မှ သေးနေတဲ့ မှိုပွင့်အရွယ်လောက် ရှိတဲ့ အဘိုးအိုဟာ မူလ လူတစ်ယောက်အရွယ်လောက် ပြန်ရောက်လာတယ်တဲ့။

ဘုရင်ကြီးလည်း သူ့သမီးတော်နဲ့ မောင်လူအကို မြန်မြန် လက်ထပ်ပေးအပ်လိုက်ရတယ်။ ဒီလိုမှ မဟုတ်ရင် သူ့နိုင်ငံတစ်ခုလုံး ကုန်အောင် စားပစ်မှာကြောက်လို့တဲ့၊ တောစောင့်နတ်ကလည်း မောင်လူအနဲ့ မင်းသမီးလေးကို လက်ထပ်ပေးပြီးတော့ ပျောက်ကွယ်သွားတော့တယ်တဲ့ကွယ်။

☺

mgyoe.com

mgyoe.com SAMPLE BOOK

ငှလိုင် ၆

## ပေါရိသာဒ မိစ္ဆာလေး

တစ်ခါတုန်းက ကြိတ်ခွဲစက်ပိုင်ရှင် တစ်ယောက်ဆီမှာ သမီးတော်လေး တစ်ယောက် ရှိတယ်တဲ့။ ကြိတ်ခွဲစက်ဆိုတာက တောမှာ စပါးတို့ ပဲတို့ ကြိတ်ရခွဲရတဲ့ စက်ပေါ့လေ။ အဲဒီမိန်းကလေး ချောတဲ့သတင်းကို ဘုရင်ကလည်း ကြားတယ်တဲ့။ ဒါပေမဲ့ ဘုရင်ဆိုတော့ ရာဇကိစ္စတွေကိုလည်း ဖွဲ့နေရသေးတော့ သူကိုယ်တိုင် ကြိတ်ခွဲစက်ကို သွားကြည့်ဖို့ ခက်နေတာပေါ့လေ။

အဲဒါကြောင့် ကြိတ်ခွဲစက်ပိုင်ရှင်ကို ခေါ်ပြီး-

"မောင်မင်းသမီး ဘယ်လောက် ချောတယ် ဆိုတာ လျှောက်တင်စမ်း"

လို့ ခိုင်းတယ်။ ကြိတ်ခွဲစက် ပိုင်ရှင်ကလည်း ဘုရင့်ယောက္ခမတော် ဖြစ်ချင်တော့ ဘုရင်ကြီး သူ့သမီးကို မယူမှာစိုးတာနဲ့ သာသာထိုးထိုး-

"အရှင်မင်းမြတ်၊ ကျွန်တော်မျိုးသမီးဟာ ဘယ်လောက် လှပသလဲ ဆိုရင် ကောက်ရိုးကိုတောင် ရွှေချည်မျှင်ဖြစ်အောင် လုပ်နိုင်တယ်"

လို့ လျှောက်လိုက်တယ်။ အဲဒီတော့ ဘုရင်ကြီးကလည်း-

"ဒီလိုဆို မင်းရဲ့သမီးကို မနက်ဖြန် နန်းတော်ကို ခေါ်လာခဲ့ပေတော့" လို့ အမိန့်ပေးလိုက်တယ်။

သူက အိမ်ပြန်ရောက်လာပြီး ဒီအကြောင်းတွေ ပြောပြတော့ သမီးလုပ်တဲ့သူက စိတ်ညစ်သွားတာပေါ့လေ။

mgyoe.com

SAMPLE BOOK

"အဖေ... ဘာတွေ ပြောခဲ့တာလဲ အဖေရယ်၊ ခက်တာပဲ။ ကျွန်မမှ အဲသလို မလုပ်နိုင်ဘဲ"

"တွေးပူမနေပါနဲ့ သမီးရယ်၊ မနက်ဖြန်မှ မရောက်သေးဘဲ။ အချိန်တန်တော့လဲ ဒီကိစ္စ သူ့ဟာသူ ပြီးသွားပါလိမ့်မယ်" လို့ နှစ်သိမ့်တယ်။ ဒီလိုနဲ့...

နောက်တစ်နေ့ရောက်တော့ ကြိတ်ခွဲစက်သမားလည်း သူ့သမီးကို နန်းတော် သွားပို့ရတာပေါ့။ ဘုရင်ကလည်း အဲဒီမိန်းကလေးကို အခန်းထဲမှာ ထည့်၊ ကောက်ရိုး တစ်ပွေ့တစ်ပိုက်ကြီး ပေးပြီး–

"ကဲ... အဲဒီကောက်ရိုးတွေကို မနက်ဖြန် ရွှေချည်မျှင် ဖြစ်အောင် မင်း ချည်ငင်ပေတော့။ မဖြစ်ရင်တော့ မင်းကို ငါ ထိတ်တုံးခတ်မယ်" လို့ အမိန့်ပေးလိုက်တယ်။



ဘုရင်ကြီးလည်း တံခါးပိတ်ထွက်သွားရော ကောင်မလေးလည်း စငိုရတော့တာပဲ။ သူမှ ဒီလိုဖြစ်အောင် မလုပ်နိုင်ဘဲကိုး။ အဲဒီအချိန်မှာပဲ သူ့အခန်းထောင့် နံရံမှာ ဥခွံတစ်ခုလိုပဲ အက်ကွဲလာပြီး အထဲက လူပုလေး တစ်ယောက် ထွက်လာတယ်။ သူက ခြေထောက်တစ်ဖက် မရှိဘူး။ ကောက်ရိုးနဲ့ လုပ်ထားတဲ့ အဝတ်တွေကို ဝတ်ထားတယ်တဲ့။ အဲဒီ လူပုလေးက–

"ဟာ... ဒီကောက်ရိုးတွေကို ငါက ရွှေချည်မျှင်တွေ ဖြစ်အောင် လုပ်ပေးရင် မင်း ငါ့ကို ဘာပေးမလဲ" လို့ မေးတယ်။ ကောင်မလေးကလည်း "ကျွန်မ လက်စွပ်ကလေး ပေးပါ့မယ်" လို့ ကတိပေးလိုက်တယ်။

လူပုလေးဟာ ချည်ငင်စက်တစ်ခုကို ဖန်ဆင်းပြီး ကောက်ရိုးမျှင်တွေကို ငင်လိုက်တာ မနက်ရောက်တော့ အဲဒါတွေအားလုံးဟာ ရွှေချည်မျှင်တွေ ဖြစ်ကုန်ရောတဲ့။

အဲဒါကို မြင်တော့ ဘုရင်က သိပ်အံ့သြသွားတာပေါ့။ နောက်နေ့ကျတော့ အဲဒီခန်းမနဲ့အပြည့် ကောက်ရိုးတွေ ထည့်ပေးပြီး– "ကဲ... အဲဒါတွေကိုလဲ ရွှေချည်မျှင်ဖြစ်အောင် ငင်ပေးဦး" လို့ ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၇

# ပေါ်ရှိသာဒမိစ္ဆာလေး

အဲဒီနောက်တော့ ဘုရင်ဟာ တံခါးကို သော့ခတ်ပြီး ထွက်သွားတော့တယ်။ ကောင်မလေးလည်း အကြံရခက်ပြီး စိတ်ညစ်နေတုန်း ပထမရက်လိုပဲ နံရံက ကွဲပြီး အထဲက လူပုကလေး ထွက်လာပြန်တယ်။

"အဲဒါတွေ အကုန်လုံးကို ရွှေချည်မျှင်ဖြစ်အောင် ငါ လုပ်ပေးမယ်။ ဒီအခါကော မင်းဟာ ဘာပေးဦးမှာလဲ" လို့ မေးတယ်။ ကောင်မလေးလည်း သူ့ ဆွဲကြိုးလေးကို ပေးပါ့မယ် ဆိုပြီး ချွတ်ပေးလိုက်တယ်။

နောက်နေ့ ဘုရင်က လာကြည့်တဲ့အခါ အခန်းတစ်ခန်းလုံး ရွှေချည်မျှင်တွေ ပြည့်နေတာ တွေ့တော့ သိပ်အံ့သြ သဘောကျသွားတယ်။ ဒီရွှေတွေ ပိုင်လို့ သူလည်း သိပ်ချမ်းသာသွားပြီ။ ဒါပေမဲ့ ဘုရင်က လောဘမသတ်နိုင်ဘူး။ အခု အခန်းထက် ပိုကြီးတဲ့ အခန်းထဲမှာ ကောက်ရိုးတွေအပြည့် ထည့်ပေးပြီး-



"ကဲ... ဒီတစ်ခါလဲ ကောက်ရိုးကို ရွှေချည်မျှင်တွေ ဖြစ်အောင် လုပ်ပေးဦး" လို့ ကောင်မလေးကို ခိုင်းပြန်တယ်။ အချိန်တန်တော့ လူပုလေး ရောက်လာပြီး-

"ကဲ... ဒီတစ်ခါကော မင်း ငါ့ကို ဘာပေးဦးမှာလဲ" လို့ မေးတယ်။ ကောင်မလေးက ရိုးရိုးသားသားပဲ "ကျွန်မမှာ ပေးစရာ ဘာမှ မရှိတော့ပါဘူးရှင်" လို့ ပြောလိုက်တယ်။ လူပု

mgyoe.com

SAMPLE BOOK

လေးက "ကောင်းပြီလေ၊ မင်းကို ငါ ဒီတစ်ခါလဲ ကောက်ရိုးကနေ ရွှေချည် ဖြစ်အောင် လုပ်ပေးမယ်။ တစ်ခုတော့ ရှိတယ်။ မင်း ပထမဆုံးမွေးတဲ့ ကလေးကို ငါ့ကို ပေးပါ့မယ်လို့ ကတိပေးရမယ်"

လို့ တောင်းတယ်။ ကောင်မလေး နောက်ဆုံး ကြံရာမရ ဖြစ်နေတာနဲ့ အဲဒီကတိကိုပဲ ပေးလိုက်ရတယ်။ နောင်ခါလာ နောင်ခါစျေးလို့ သဘောထားလိုက်တာပေါ့လေ။ ဒီလိုနဲ့ အဲဒီ မိစ္ဆာလူပုလေးက ခန်းလုံးပြည့်နေတဲ့ ကောက်ရိုးတွေကို ရွှေချည်မျှင်တွေ ဖြစ်သွားအောင် လုပ်ပေးလိုက်ပြန်တယ်တဲ့။ ဒီတစ်ခါတော့ ဘုရင်မင်းမြတ်ဟာ အချိန်ဆိုင်းမနေတော့ဘူး။ အဲဒီကောင်မလေးကို လက်ထပ်ပြီး ချက်ချင်းပဲ မိဖုရားမြှောက်လိုက်တယ်။

အဲဒီလိုနဲ့ တစ်နှစ်ကျော် ဆိုတဲ့ကာလ ကုန်လွန်သွားတယ်။ ဘုရင်နဲ့ မိဖုရားမှာလည်း သားလေးတစ်ပါး ဖွားမြင်လာတယ်။ သူတို့အားလုံးဟာ အပျော်ရွှင်ကြီး ပျော်ရွှင်နေကြတာပေါ့လေ။ အဲဒီသားလေးကလည်း သိပ် ချစ်ဖို့ကောင်းတာပဲတဲ့။ သူ့နဖူးမှာ ရွှေရောင်ကြယ်ပွင့်လေး တစ်ပွင့် ပါလာတယ်။ သူ့လက်မောင်းတွေကလည်း သလင်းကျောက်ဖြူတွေကို ဝင်းလက် ချောမွတ်နေတာပဲတဲ့။ မိဖုရားက သူ့သားလေးကို မျက်စိအောက်က တစ်စက္ကန့်လေးတောင် အပျောက်မခံနိုင်အောင် အရိပ်တကြည့်ကြည့်နဲ့ ချစ်နေရှာတာပေါ့။

အဲသလိုနဲ့ တစ်ည သန်းခေါင်ယံမှာတော့ သူတို့ဘေးက နံရံဟာ ဥဒ္ဒဲ တစ်ခုလို အက်ကွဲသွားပြီး အထဲက လူပုလေး ထွက်လာတယ်။



"ကဲ... မင်း ပေးထားတဲ့ ကတိ အတိုင်းပဲ မင်းသားလေးကို ပေးတော့" လို့ တောင်းတော့ မိဖုရားက ကြောက်လန့် ချောက်ချားသွားတာပေါ့။ သူ့သားလေးကို ခွဲရမှာစိုးလို့ မျက်ရည်တွေ စီးကျလာပြီး–

"ကျွန်မ သားလေးကို ခေါ်မသွားပါနဲ့ရှင်" လို့ ငိုယိုတောင်းပန်တယ်တဲ့။ ဒီတော့ လူပုလေးက–

"ကောင်းပြီလေ၊ မင်းကို ငါ အခွင့်အရေး တစ်ခု ပေးမယ်။ မင်းက သုံးရက်အတွင်း ငါ့နာမည် ဘယ်သူလဲ ဆိုတာ ဂုဏ်ဖော်ပြောရမယ်။ အဲသလို ပြောနိုင်ရင် မင်းသားလေးကို မယူတော့ဘူး" လို့ ပြောပြီး ပျောက်ကွယ်သွားတယ်တဲ့ကွယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၈

## ပေါ်ရိုသာဒမိစ္ဆာလေး

နောက်တစ်နေ့ နေဝင်ချိန် ရောက်တဲ့အခါ လူပုလေးဟာ ပြန်ပေါ်လာပြီး–

"ကဲ... ငါ့နာမည် ဘယ်သူလဲ ဖော်နိုင်ပြီလား" လို့ မေးတယ်။

မိဖုရားကလည်း 'မောင်ပု၊ ကြွက်နီ၊ စာခြောက်ရုပ်၊ လူချေး' စသည်ဖြင့် ပါးစပ်ထဲ ရှိသမျှ နာမည်တွေ ပြောတယ်။ လူပုကလေးကလည်း 'မဟုတ်ဘူး၊ မဟုတ်ဘူး' လို့ပဲ ငြင်းတယ်။

"ပေါက်ကျော်၊ မျက်ပြူး၊ ကွမ်းသီး၊ ပလာတာ"

သူ ကြားဖူးသမျှ၊ ဖတ်ဖူးသမျှ၊ ကြုံဖူးသမျှ နာမည်တွေ ပြောတယ်။ လူပုကလေးကလည်း 'မဟုတ်ဘူး၊ မဟုတ်ဘူး' လို့ ငြင်းပြီး နောက်ဆုံး ပျောက်ကွယ်သွားတယ်။

နောက်တစ်နေ့ည ကျတော့လည်း ပေါ်လာပြန်ရော–

"ကဲ... ပြော၊ ငါ့နာမည် ဘယ်လိုခေါ်သလဲ" မေးပြန်တယ်။

မိဖုရားကလည်း သူ တစ်နေ့လုံး စဉ်းစားထားတဲ့ အမည်တွေ လျှောက်ရွတ်ပြပြန်တယ်။ နေ့သင့် နံသင့် နာမည်တွေ၊ ဗေဒင်ထဲ ဇာတာထဲက နာမည်တွေ အို... အစုံပဲ ဆိုပါတော့။

"သတိုးစော၊ မိုက်ကယ်ဂျက်ဆင်၊ ရော်နီဘတုတ်၊ အောင်ဗလ၊ ဒွေး၊ ဆန်းထွန်း၊ မြိုင်ရာဇာတွတ်ပီ"

တစ်ကမ္ဘာလုံးက ရှိသမျှနာမည်တွေ ကုန်တော့မလောက်ပဲ၊ ဒါပေမဲ့ မိဖုရား ပြောသမျှ လူပုကလေးက ငြင်းပြီး နောက်ဆုံး ပြန်ပျောက်ကွယ်သွားပြန်တယ်။

mgyoe.com

SAMPLE BOOK

မိဖုရားလည်း အိပ်တောင် မပျော်တော့ဘူး။ နောက်တစ်ရက်ပဲ ကျန်တော့တာ ဆိုတော့ အဲဒီလူပုလေးရဲ့ နာမည် ဘာများ ဖြစ်နိုင်မလဲလို့ ထိုင်စဉ်းစားရင်း မိုးသာ လင်းသွားတယ်။ အဖြေတော့ မရဘူး။ တစ်နေ့လုံးလည်း ဒီကိစ္စနဲ့ ခေါင်းခြောက်နေတယ်။ တကယ်လို့ ဒီနေ့ည လူပုလေး ပေါ်လာလို့မှ သူ့နာမည်ကို မှန်အောင် မပြောနိုင်ရင် သူ့သားကလေးကို ပေးလိုက်ရတော့မှာကိုး။

အဲဒီအချိန်မှာပဲ သိုးကျောင်းသား တစ်ယောက် အခစား ဝင်လာတယ်။

"ဒီနေ့ သိုးကျောင်းရင်း ကျွန်တော် မြင်ခဲ့ရတဲ့ ထူးထူးဆန်းဆန်း မြင်ကွင်းကို လျှောက်တင်ချင်လို့ပါ မိဖုရား။ တောအုပ်ထဲက ကွက်လပ်တစ်ခုမှာ တစ္ဆေနှစ်ကောင် မီးလှုံနေတာ တွေ့ခဲ့ရပါတယ်။ ကျန်တဲ့ ပုတုတု ခြေထောက်တစ်ဖက်တည်း ရှိပြီး ကောက်ရိုးအင်္ကျီ ဝတ်ထားတဲ့ မိစ္ဆာလေးကတော့ မီးပုံဘေးမှာ သီချင်းဆိုပြီး ကနေတယ်။ သူ့သီချင်းက–

'ငါ တစ်မြန်နေ့က နွားနို့ဆန်ပြုတ် သောက်ရတယ်။ ငါ မနေ့ကတော့ ပေါင်မုန့် အချိုလိပ် စားရတယ်။ ဒီနေ့တော့ မင်းသားလေးတစ်ပါးကို ငါ စွပ်ပြုတ်လုပ်ပြီး သောက်ရတော့မယ်။ ကြည့်စမ်း... ဘယ်လောက် ကံကောင်းတဲ့ ပေါ်ရိုသာဒ မိစ္ဆာလေးလဲ' တဲ့"



မိဖုရားကလည်း အဖြေကို ရတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတယ်။ သိုးကျောင်းသားကို ဆုလာဘ်တွေ ပေးလိုက်တယ်။ မကြာခင်မှာပဲ လူပုလေး ပေါ်လာပြီး–

"ကဲ... မင်း မဖော်နိုင်ဘူး မဟုတ်လား။ မင်းရဲ့ သားလေးကို ပေးတော့လို့ တောင်းတယ်။ မိဖုရားက "ရှင့်နာမည် ပေါ်ရိုသာဒ မိစ္ဆာလေး မဟုတ်လား" လို့ ပြောလိုက်တော့–

"သွားပါပြီ၊ ငါ ရှုံးပါပြီ" လို့ ပြောပြီး ပျောက်ကွယ်သွားတယ်တဲ့ကွယ်။ နောက်လည်း လာပြီး အနှောင့်အယှက် မပေးတော့ဘူးတဲ့။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

*Rumpelstiltskin*

☺

mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၉

## အာပလာမြို့စားလေး

တစ်ခါတုန်းက ကြိတ်ခွဲစက်ပိုင်ရှင် တစ်ယောက်ဆီမှာ သားသုံးယောက် ရှိတယ်တဲ့။ အဲသလိုပဲ မြည်းအိုတစ်ကောင်နဲ့ ကြောင်ထီးတစ်ကောင်လည်း ရှိတယ်တဲ့။ အဲဒီကြောင်ထီးဟာ ကြောင်ပေါက်စလေး တစ်ကောင်လိုပဲ အမြဲပဲ ကြိတ်ခွဲစက်ပိုင်ရှင်ရဲ့ ဘွတ်ဖိနပ်ထဲမှာ ဝင်အိပ်နေလေ့ ရှိတယ်တဲ့။

တစ်နေ့တော့ ကြိတ်ခွဲစက်ပိုင်ရှင်ဟာ သေဆုံးသွားတယ်။ သားကြီးနှစ်ယောက်ကတော့ တစ်ယောက်က ကြိတ်ခွဲစက်၊ တစ်ယောက်က မြည်းအိုကို ခွဲဝေယူလိုက်တယ်။ နောက်ဆုံး သားငယ်လေးကတော့ ဘယ်သူမှ မလိုချင်တဲ့ အဲဒီကြောင်ထီးကိုပဲ ရတယ်တဲ့။ အဲဒီကြောင်ကလည်း အမြဲ ဆာလောင်မွတ်သိပ်နေတယ်။

သားငယ်က–

"အင်း... တို့ ဒီအတိုင်းတော့ ရှေ့ဆက်သွားလို့ မဖြစ်တော့ဘူး။ ဒီတော့ မင်းကို သတ်၊ စွပ်ပြုတ်လုပ်စားတာ ကောင်းမယ်" လို့ ပြောတယ်။ ကြောင်ကြီးက လန့်သွားပေမယ့် ဟန်မပျက်ဘဲ–

"ကျုပ်ကို စွပ်ပြုတ်လုပ်သောက်လို့ ဘာအကျိုးရှိမှာလဲ။ ကျုပ်က ခင်ဗျားအတွက် နှစ်လုတ်စာလောက် ရှိတာ။ ကျုပ် အရေပြားကလဲ ဘာအသုံးဝင်မှာလဲ။ ဦးထုပ်တစ်လုံး လုပ်ဖို့တောင် မလုံလောက်ဘူး။ ဒီတော့ ကျုပ်ပြောမယ်။

mgyoe.com

ကျုပ်ဟာ ကြောင်ပေါက်စလေး ဘဝကတည်းက ဘွတ်ဖိနပ် ကြိုက်တတ်တာ ခင်ဗျား အသိပဲ။ ဒီတော့ ကျုပ်ကို သံခွာတပ် ဖိနပ်တစ်ရန် ဝယ်ပေးပြီးတော့ ငှက်မွေးဝတ်ရုံနဲ့ ဦးထုပ်တစ်လုံး ဝယ်ပေး။ အဲဒါတွေသာ ဝတ်လိုက်ရရင် ကျုပ်ဟာ တကယ့် ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်နဲ့ တူသွားမှာပဲ။ အဲဒါဆိုရင် ခင်ဗျားလဲ ကုသိုလ်ကံကောင်းလာအောင် ကျုပ် လုပ်ပေးနိုင်လိမ့်မယ်။ မယုံရင် စမ်းကြည့်ပါ" လို့ ပြောတယ်။



အဲဒါနဲ့ သားငယ်လည်း ပိုက်ဆံ နည်းနည်းချေးပြီး အဲဒီ ကြောင်လိုသမျှ ဝယ်ပေးလိုက်တယ်။ ကြောင်ကို အဲသလို ဦးထုပ်တွေ၊ ဖိနပ်တွေနဲ့ ဝတ်ဆင်လိုက်တော့ ဖြုန်းခနဲ ကြည့်ရင် ခြေမြန်တော် တစ်ယောက်နဲ့ တော်တော်လေး တူသွားတယ်။

အဲသလိုလည်း ဝတ်ဆင်ပြီးရော သူတို့နှစ်ယောက်ဟာ ဘုရင့် နန်းတော်ဆီကို ထွက်လာခဲ့ကြတော့တယ်တဲ့ကွယ်။

☺

mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၁၀

## အာပလာမြို့စားလေး

ဒီလိုနဲ့ သူတို့ဟာ ဘုရင့်မြို့တော်ကို ရောက်သွားတယ်။ ကြောင်ကြီးက နန်းတော်ထဲ ဝင်ပြီး ဘုရင်ကို ခစားတယ်။ သူ့ဆီမှာ ပါသွားတဲ့ ခါငှက်နဲ့ ယုန်တွေ အပြည့်ထည့်ထားတဲ့ အိတ်တစ်အိတ်ကို ပေးပြီး–

"ကျွန်တော့်ရဲ့ အရှင်သခင် အာပလာမြို့စားလေးက ဆက်သလိုက်တဲ့ လက်ဆောင်တွေပါ"

လို့ လျှောက်တယ်။ တကယ်တော့ သူ့သခင်က ဘယ်မြို့မှ စားရတဲ့လူ မဟုတ်ဘူး။ ခေတ်စကားနဲ့ အာပလာမြို့လို့ ပြောတာကို ဘုရင်က မသိလေတော့ အဲဒါကိုပဲ တကယ်ရှိတဲ့ မြို့လို့ ထင်ပြီး ရွှေ၊ ငွေစတွေကို ဆုအဖြစ် ပြန်ပေးလိုက်တယ်။ ဒီလိုနဲ့–

မကြာခဏပဲ အဲဒီကြောင်ကြီးဟာ ဘုရင့်ရှေ့တော်မှောက် ဝင်ပြီး သူ့သခင် တောထဲမှာ အမဲပစ်လို့ရတဲ့ သားကောင်တွေကို လက်ဆောင်အဖြစ် ဆက်သလေ့ ရှိတယ်။ သူ့သခင် အာပလာမြို့စားအကြောင်းကို ချီးပင့်ပြောတာပေါ့လေ။ ဘုရင်ကလည်း အဲသလို လက်ဆောင် ဆက်သလာတိုင်း ရွှေ၊ ငွေစတွေ ဆုအဖြစ် ချီးမြှင့်လေတော့ သူ့သခင်လေးဟာ မတောင့်မတ နေနိုင်လာတယ်။

တစ်နေ့တော့ ဘုရင်ဟာ သူ့ရဲ့ အခြွေအရံ နောက်လိုက်နောက်ပါတွေနဲ့ တိုင်းခန်း လှည့်လည်လာတယ်။ သူ စီးလာတဲ့ မြင်းဆွဲတဲ့ ရထားလုံးထဲမှာ အင်မတန်

mgyoe.com

SAMPLE BOOK


ချောတဲ့ သူ့ရဲ့ တစ်ဦးတည်းသော သမီးတော်လေးလည်း ပါလာတယ်တဲ့။ အဲဒါကို ပါးနပ်တဲ့ ကြောင်ကလည်း မြင်ရော သူ့သခင်အနား သွားပြီး–

“သခင်လေး၊ အဝတ်အစားတွေ ချွတ်ပြီး ဟောဒီချောင်းထဲ ခဏလောက် ခုန်ဆင်းနေလိုက်စမ်းပါ”

လို့ ပြောတော့ သူ့သခင်ကလည်း ဘာမှန်းမသိပေမယ့် ချောင်းထဲ ခုန်ချနေလိုက်တယ်။ အဲဒီတော့မှ ကြောင်ဟာ ဘုရင့်ရထားဆီ ပြေးသွားပြီး–

“ကယ်တော်မူပါ ဘုရင်မင်းမြတ်၊ ကျွန်တော့်သခင်ရဲ့ အဝတ်အစားတွေ ပါမကျန် တောပုန်းဓားပြတွေ လုယက်သွားလို့ ကျွန်တော့်သခင်ဟာ မြစ်ထဲ ဆင်းစိမ်နေရပါတယ်”

လို့ လျှောက်တယ်။ ဘုရင်ကလည်း သူ့ဆီ အမဲလိုက်လို့ရတဲ့ သားကောင်တွေ ခဏခဏ ဆက်နေကျဖြစ်တဲ့ အာပလာမြို့စားလေးမှန်း သိလည်း သွားရော သူ့မင်းချင်းတွေကို ခေါ်ပြီး သူ့ပါလာတဲ့ ဝတ်စုံတွေထဲက အကောင်းစား ဝတ်စုံတစ်စုံကို ယူပေးဖို့ ပြောလိုက်တယ်။ အဲဒီလို နန်းတွင်းဝတ်စုံကို ဝတ်လိုက်ရတော့ ကြိတ်ခွဲစက် ပိုင်ရှင်ရဲ့ သား၊ ကြောင်ထီးကြီး သခင်ဟာ မြို့စားလေးတစ်ယောက်ပုံနဲ့ တော်တော့်ကို တူသွားတော့တယ်။ ဘုရင်ကြီးဟာ သူ့ကိုခေါ်ပြီး ရထားထဲမှာ ထိုင်ဖို့ တစ်နေရာပေးတော့ သိပ်ချောတဲ့ မင်းသမီးအနားကို ရောက်သွားတော့တာပေါ့။ တောက်တောက်ပြောင်ပြောင် ဖြစ်နေတဲ့ ကြောင်ထီးသခင်ကို သမီးတော်ကလည်း တကယ့်မြို့စားလေး ထင်ပြီး သဘောကျ သွား တော့ တ ယ် တဲ့ ကွယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၁၁

## အာပလာမြို့စားလေး

အဲသလို ဘုရင်ကြီးရယ်၊ ကြောင်ထီးသခင်ရယ်၊ မင်းသမီးလေးရယ်ဟာ ရထားလုံး အတူတူစီးပြီး ခရီးထွက်ခဲ့ကြတယ်။ သူတို့ကို မြင်တဲ့ လူတွေက အလုပ်တွေ ရပ်ပြီး ဒီလို အော်ဟစ် သြဘာပေးကြတယ်တဲ့။

"ဘုရင်ကြီးနဲ့ အာပလာမြို့စားလေး

သက်တော်ရာကျော် ရှည်ပါစေ"

မြို့ပြင် အင်မတန်လှပတဲ့ လယ်ကွင်းတွေ တွေ့တော့ ဘုရင်ကြီးက သူ့ လှည်းကို ရပ်ခိုင်းပြီး ပြတင်းပေါက်ကနေ–

"ဒါ ဘယ်သူ့ရဲ့ လယ်တွေလဲ" လို့ စုံစမ်းတယ်။ တောင်သူလယ်သမား တွေကလည်း "အာပလာမြို့စားလေး လယ်တွေပါ" လို့ ဖြေကြတယ်။

ဖြေမှာပေါ့။ အဲသလို ဖြေအောင်၊ အဲသလို အော်ဟစ်သြဘာပေးအောင် ကြောင်ထီးကြီးက လူတွေကို ငွေပေးခိုင်းထားတာကိုး။

အဲဒီအချိန်မှာတော့ ကြောင်ထီးကြီးဟာ ဘုရင်ကြီး တိုင်းခန်းလှည့်လာ တဲ့ ခရီးလမ်းမှာ ရှိတဲ့ ရွှေရောင်ရဲတိုက်ကြီးဆီ ရောက်အောင် အရင်ပြေးသွားတယ်။ အဲဒီရဲတိုက်ကို ပိုင်တာက အင်မတန် ရက်စက်တဲ့ ဘီလူးကြီးတစ်ကောင် တဲ့။ ကြောင်ထီးကြီးကတော့ အဲဒီဘီလူးကို မကြောက်ဘူး။ ဘီလူးကြီးက ဘာလာလုပ် တာလဲ မေးတော့ ကြောင်က–

mgyoe.com

mgyoe.com SAMPLE BOOK

"အသင်ဘီလူးဟာ အင်မတန် တန်ခိုးကြီးတယ်၊ လိုရာသဏ္ဌာန် ဖန်ဆင်းနိုင်တယ်လို့ လူတွေက ပြောကြတယ်။ ကျုပ်ကတော့ မျက်လုံးနဲ့ မမြင်ရသရွေ့ မယုံဘူး"

"ကဲ... မယုံရင် ကြည့်" လို့ ပြောပြီး အင်မတန် ကြီးမားတဲ့ သတ္တဝါကြီး တစ်ကောင်ပုံ ဖန်ဆင်းပြတယ်။ ကြောင်က–

"အင်း... အသင်က ဒီထက်ကြီးအောင် ဖန်ဆင်းပြနိုင်တယ် ဆိုရင်လဲ ကျုပ်တော့ မအံ့သြဘူး။ ငယ်အောင်ကော ဖန်ဆင်းပြနိုင်လို့လား။ ဥပမာ– ကြွက် တစ်ကောင်လောက်ပေါ့"

လို့ ပြောတယ်။ အသိဉာဏ်မရှိတဲ့ ဘီလူးက အဲသလို ကြွက်တစ်ကောင် ကိုလည်း ဖန်ဆင်းပြလိုက်ရော ကြောင်က အဲဒီကြွက်ကို တစ်ချက်တည်း ကိုက်စား လိုက်တာ သေပါလေရောတဲ့။

အဲဒီအချိန်မှာပဲ ဘုရင့် ရထားလည်း အဲဒီနားကို ရောက်လာတော့တယ်။ ဘုရင်က–


"ဒီလောက်လှပတဲ့ ရွှေရောင်ရဲတိုက်ကို ဘယ်သူပိုင်တာလဲ" လို့ မေး တော့ ကြောင်က–

"ကျွန်တော့်သခင် အာပလာ မြို့စားလေး ပိုင်တာပါ" လို့လျှောက်တယ်၊

ဘုရင်လည်း သဘောကျပြီး အဲဒီအာပလာမြို့စားလေးကို သူ့သမီးနဲ့ လက်ထပ်ပေးလိုက်တယ်တဲ့။

အင်မတန် အသိဉာဏ် အလိမ္မာရှိတဲ့ အဲဒီကြောင်ကိုလည်း ဝန်ကြီး ခန့်လိုက်တယ် တဲ့။ ဝန်ကြီးလည်း ပျင်းဖို့ အချိန်မရအောင် အလုပ်များနေတယ်တဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီနန်းတော် အဆောင်ဆောင်၊ အခန်းခန်းမှာ ရှိတဲ့ ကြွက် တွေကို နေ့မအား ညမအား ခုပ်နေရလို့တဲ့။

⏩ Puss in Boots



mgyoe.com

mgyoe.com SAMPLE BOOK

ငှလိုင် ၁၂

## ငါးလိမ္မာနှင့် ရေဘဝဲ

ဟိုးတစ်ခါတုန်းကတဲ့။ တော်တော်ဝေးဝေး တုန်းကပေါ့ကွယ်။ ပင်လယ်ထဲမှာရှိတဲ့ ငါးတွေအားလုံးဟာရေဘဝဲကိုသူတို့ရဲ့ဘုရင်အဖြစ်တင်မြှောက်လိုက်ကြတယ်တဲ့။ အဲဒီ ရေဘဝဲက–

"ငါ့ရဲ့ လက်တံတွေက အကြီးကြီး အရှည်ကြီး။ မင်းတို့တွေကို ငါ လိုသလောက် ငါ ဆန္ဒရှိသလောက် အချိန်မရွေး ဖမ်းစားနိုင်တယ်"


လို့ ကြွားပြောတာကို အဲဒီငါးတွေက ယုံကြည်တယ်လေ။ သူတို့ အဲသလို ရေဘဝဲကို ဘုရင်မြှောက်လိုက်တာ အကြီးအကျယ် မှားတာပဲ။ အဲဒီ ရေဘဝဲက ခပ်ကြောင်ကြောင်၊ ပြီးတော့ စိတ်အပြောင်းအလဲကလည်း မြန်သေးတယ်။

ရေအောက်မှာနေတဲ့ရေသတ္တဝါတွေအားလုံး ငါးမန်းတွေ၊ လင်းပိုင်တွေ၊ လိပ်ကြီးတွေ၊ ကျောက်ပုစွန်တွေ စသည်ဖြင့်ပေါ့လေ။ အားလုံးဟာ အချိန်နဲ့အမျှ ဘုရင်ကြီး ရေဘဝဲ ပျော်ရွှင်အောင် အမျိုးမျိုး အသုံးတော်ခံနေရတယ်တဲ့။ ပင်လယ်ထဲက တွေ့သမျှ ရတနာတွေ၊ အဖိုးတန်ပစ္စည်းတွေကိုလည်း ယူယူလာပြီး လက်ဆောင် ဆက်ကြရတယ်တဲ့။ ဒါပေမဲ့ ဘုရင်ကြီး ရေဘဝဲက ဘယ်တော့မှ ကျေနပ်တယ်လို့ မရှိဘူးတဲ့။

တစ်နေ့တော့ ပါးရည်နပ်ရည်ရှိတဲ့ ငါးတစ်ကောင်ဟာ သဘောပျက်

mgyoe.com

mgyoe.com SAMPLE BOOK




ထဲက ထီးစုတ်တစ်လက်ကို တွေ့ပြီး ရေဘဝဲကို လာဆက်တယ်။ ရေဘဝဲက "အဲဒါ ဘာကြီးလဲ၊ ဘာအသုံးဝင်လဲ" လို့ မေးတော့ ငါးက–

"အရှင်မင်းကြီး၊ ဒါဟာ ထီးလို့ ခေါ်ပါတယ်။ မိုးရွာတဲ့အခါ ရေမစိုအောင် ဖွင့်ဆောင်းရပါတယ်" လို့ လျှောက်တော့ ရေဘဝဲကြီးဟာ သိပ်သဘောကျသွားတယ်။

"မင်းဟာ တကယ်တော်တဲ့ ကောင်ပဲ။ မင်းကို ငါ ဘုရင့်ရဲ့ ပထမဝန် ခန့်တယ်" လို့ မိန့်တော်မူလိုက်တယ်။ အဲဒီတော့ ငါးလည်း ဘဝင်မြင့်သွားတာပေါ့လေ။ ဒါပေမဲ့ သူဟာ ရေဘဝဲဘုရင်ကြီးရဲ့ ကွယ်ရာမှာတော့ အဲဒီဘုရင်ကြီး ရူးသွပ်ပုံကို တခြားငါးတွေနဲ့ အပုပ်ချ စကားပြောပြီး ရယ်ပွဲဖွဲ့စမြဲတဲ့။

တစ်နေ့တော့ အဲဒီငါးကို တံငါသည်တစ်ယောက် မိသွားတယ်။ ငါးက "ငါ့ကို ပြန်လွှတ်ကွ။ ငါက ပင်လယ်ဘုရင်ကြီးရဲ့ ပထမဝန်" လို့ ပြောတယ်။ တံငါသည်က ရယ်ပြီး–



"အေး... ဘုရင်ရူးတွေရဲ့ လက်ထက်မှာတော့ ပါးရည်နပ်ရည်ရှိတဲ့ ကောင်တွေ ကောင်းစားစမြဲပဲကွ။ ဒါပေမဲ့ သူတို့အားလုံး နောက်ဆုံးတော့ ဖမ်းမိကြတာပါပဲ" လို့ ပြောပြီး အဲဒီငါးကို သတ်စားလိုက်တယ်တဲ့ကွယ်။

▸▸ The Stupid Octopus and the Clever Fish

☺

mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၁၃


# ကြက်ဖနှင့် ကြက်မ

တစ်ခါတုန်းကတဲ့၊ သိပ်မကြာသေးဘူးပေါ့ကွယ်။ ခြံတစ်ခြံမှာ စဉ်းစားဉာဏ် မရှိတဲ့ ခပ်တုံးတုံး ကြက်ဖတစ်ကောင်နဲ့ ကြက်မတစ်ကောင် ရှိတယ်တဲ့။ တစ်နေ့ သူတို့ နှစ်ယောက်ဟာ လမ်းအတူ လျှောက်လာတုန်း ကြက်မက ပြောင်းဆန်တစ်စေ့ တွေ့တယ်တဲ့။ ကြက်ဖကတော့ စာတစ်စောင် တွေ့တယ်တဲ့။ ကြက်ဖဟာ ဘဝင် မြင့်တဲ့ လေသံနဲ့–

"ဟဲ့… ကြက်မ၊ နားထောင်စမ်း။ ဟောဒီမှာ စာတစ်စောင်ထဲမှာ ပါတာကို ငါ ဖတ်ပြမယ်။ ရေးထားတဲ့ စာက 'ငါ ရောမမြို့ကို သွားမယ်၊ ပုပ်ရဟန်းမင်းကြီး လုပ်မယ်' တဲ့ ကြားလား"

ကြက်မက–

"ရှင် ရောမကိုသွားရင် ကျွန်မလဲ အတူတူလိုက်ခဲ့မယ်လေ။ ဟိုရောက်ရင် ကျွန်မက ပုပ်ရဟန်းမင်းကြီးမိန်းမ လုပ်မယ်" လို့ ပြောတယ်။



အဲသလိုနဲ့ သူတို့ သဘောတူကြပြီး ရောမမြို့ကို အတူတူ လျှောက်လာခဲ့ကြတယ်တဲ့၊ တကယ်တော့ ကြက်ဖရော ကြက်မပါ ရောမမြို့ဆိုတာ ဘယ်နေရာမှာ ရှိမှန်းလည်း သိတာ မဟုတ်ဘူး။ ပုပ်ရဟန်း

mgyoe.com

SAMPLE BOOK

မင်းကြီး ဆိုတာလည်း ဘယ်လိုလူ ဆိုတာ သိတာ မဟုတ်ဘူး။

အဲသလိုနဲ့ လျှောက်လာကြတုန်း သပိတ်လွယ်ငှက် တစ်ကောင်နဲ့ တွေ့တယ်။ "ဘယ်သွားကြမလို့လဲ၊ ဘယ်သွားကြမလို့လဲ" မေးတော့ ကြက်ဖကကြွားဝါတဲ့ လေသံနဲ့-



"ငါတို့ ရောမကို သွားမလို့ကွ။ ငါ စာတစ်စောင် တွေ့တယ်။ အဲဒီစာထဲမှာ ရေးထားတာက ငါ ပုပ်ရဟန်းမင်း ဖြစ်မယ်တဲ့။ ဟောဒီ ကြက်မကတော့ ပုပ်ရဟန်းမင်းရဲ့ မိန်းမ လုပ်မလို့"

"ဒါဆိုရင် ငါ့ကိုလဲ မင်းတို့နဲ့ အတူတူ ခေါ်သွားပါကွာ။ ငါက မင်းတို့ရဲ့ ဘဏ္ဍာတော်ထိန်း လုပ်မယ်"

လို့ သပိတ်လွယ်ငှက်က တောင်းပန်တယ်။ ဒီလိုနဲ့ သူတို့လည်း သပိတ်လွယ်ငှက်ကို ခေါ်ပြီး ဆက်ထွက်လာကြတော့ ဆာကလေးငှက် တစ်ကောင်နဲ့ တွေ့ပြန်တယ်။ စာကလေးငှက်က မေးတော့-

"စာကလေး၊ ငါတို့ ရောမကို သွားမလို့၊ ငါ တွေ့တဲ့ စာထဲမှာ ငါဟာ ရောမကို သွားပြီး ပုပ်ရဟန်းမင်း လုပ်ရမယ်လို့ ပါတယ်။ ဟောဒီကြက်မက ပုပ်ရဟန်း မိန်းမ လုပ်လိမ့်မယ်။ ဟောဒီ သပိတ်လွယ်ငှက်ကတော့ ငါတို့ရဲ့ ဘဏ္ဍာတော်ထိန်း လုပ်မယ်" လို့ ဘဝင်မြင့်တဲ့ လေသံနဲ့ ပြောတယ်။

အဲဒီတော့ စာကလေးက-

"ငါလဲ မင်းတို့နဲ့အတူ လိုက်ခဲ့မယ်ကွာ။ ငါက မင်းတို့ ရဲ့ အိပ်ဖန်စောင့် လုပ်မယ်" လို့ ပြောတယ်။

ဒီလိုနဲ့ သူတို့ တစုတဝေးလာလိုက်ကြတာ မြေခွေးတစ်ကောင်နဲ့ တွေ့ပြန်ပါရော။ မြေခွေးကိုလည်း သူတို့က အရင်အတိုင်း ပြောပြကြရော။ ဒီတော့ မြေခွေးက-



"မင်းတို့ ရောမကို သွားဖို့ဆိုရင် ဒီနေ့အဖို့တော့ သိပ်နောက်ကျနေပါပြီ။ ဒီတစ်ည ငါ့အိမ်မှာ တည်းကြပါလား။ မနက်ကျတော့ ရောမကို ဘယ်လမ်းက သွားရမယ် ဆိုတာ ငါ ညွှန်ပြပေးပါ့မယ်" လို့ ပြောတယ်။

အဲသလိုနဲ့ သူတို့အားလုံးဟာ မြေခွေးအိမ်ကို လိုက်သွားကြတော့တယ်တဲ့ကွယ်။

mgyoe.com

m.g y o e . c o m SAMPLE BOOK

ဇူလိုင် ၁၄

## ကြက်ဖနှင့် ကြက်မ

သူတို့အားလုံး မြွေခွေးအိမ် ရောက်သွားတဲ့အခါ မြွေခွေးဟာ အိမ်ထဲ ဝင်ခိုင်းပြီး သူ့အိမ် တံခါးကို ပိတ်လိုက်တယ်တဲ့။ ပြီးတော့မှ သူက လေသံမာမာနဲ့–

"ကဲ... ကြက်ဖ၊ ငါ့ကို သီချင်းတစ်ပုဒ် ဆိုပြစမ်း" လို့ ခိုင်းတယ်။ ကြက်ဖက–

"ကျုပ် သီချင်းမှ မဆိုတတ်ဘဲ" လို့ ငြင်းတယ်။ ဒီတော့ မြွေခွေးက–

"ငါဟာ အင်မတန် ရက်စက်တဲ့ သခင်မနဲ့အတူ နေရတယ်။ တစ်ညလုံး မင်း ခဏခဏတွန်နေလို့ ငါ ကောင်းကောင်းကို မအိပ်ရဘူး။ မင်း အရုဏ်တက် တွန်တော့လဲ ငါ အစောကြီး အိပ်ရာက ထရတယ်။ အဲဒီအတွက် မင်းကို ငါ ကိုက်စားရမယ်" လို့ ပြောတယ်။ ပြီးတော့ မြွေခွေးက ကြက်မဘက်ကို လှည့်ပြီး–

"ကဲ... ကြက်မ၊ ငါ့ကို သီချင်းတစ်ပုဒ်လောက် ဆိုပြစမ်း" ပြောတယ်။ ကြက်မက–

"ကျွန်မလဲ သီချင်းမဆိုတတ်ပါဘူးရှင်" လို့ ငြင်းပြန်တယ်။

အဲဒီတော့ မြွေခွေးက–

"ငါဟာ အင်မတန် ရက်စက်တဲ့ သခင်မနဲ့ နေရတယ်။ တစ်ခါတော့ နင်ဟာ ဥတစ်ခုကို ဘယ်သူမှ မတွေ့အောင် ဥခဲ့တယ်။ ငါ့ရဲ့ သခင်မက အဲဒီ ကြက်ဥကို ငါ ခိုးစားတယ် ထင်ပြီး ရိုက်နှက်ခဲ့တယ်။ အဲဒါကြောင့် နင့်ကို ငါ စားရမယ်" လို့ ပြောပြန်တယ်။ ပြီးတော့ သပိတ်လွယ်ငှက်ဘက် လှည့်ပြီး–

m g y o e . c o m

m gyoe SAMPLE BOOK



"ကဲ... မင်းအလှည့်၊ ငါ့ကို သီချင်း တစ်ပုဒ်လောက် ဆိုပြစမ်း" လို့ ပြောတယ်။ သပိတ်လွယ်ငှက်ကလည်း-

"ကျွန်တော်က အတီးအမှုတ် မပါဘဲ သီချင်း မဆိုတတ်ဘူးဗျ" လို့ ပြောတယ်။ ဒီတော့ မြေခွေးက-

"ငါဟာ အင်မတန် ရက်စက်တဲ့ သခင်မ နဲ့ နေရတယ်။ မင်းဟာ ငါ့ကို ငါ့သခင်မက ရိုက်တာတွေ တိုင်းအမြဲရယ်တတ်တယ်။ ဒါကြောင့် မင်းကိုလဲ ငါ စားရမယ်" လို့ ပြောလိုက်တယ်။ ပြီးတော့ စာကလေးဘက် လှည့်ပြီး-

"ကဲ... မင်းက နောက်ဆုံးပဲ။ ငါ့ကို သီချင်းတစ်ပုဒ် ဆိုပြစမ်း" လို့ ခိုင်းတယ်။ စာကလေးက-

"ဟာ... ကျုပ် အားရပါးရ ဆိုပြပါ့မယ်။ ဒါပေမဲ့ ဒီအခန်းကျဉ်းလေးထဲမှာ နေရတော့ မွန်းကျပ်နေတယ်။ အသက်ရှူဝအောင် ပြတင်းပေါက်ကလေး ဖွင့်ပေးစမ်းပါ။ အဲသလိုဆို ဆိုပြပါ့မယ်" လို့ ပြောတယ်။

မိုက်မဲတဲ့ မြေခွေးကလည်း စာကလေး စကားကို နားယောင်ပြီး ပြတင်းပေါက် တံခါးကို ဖွင့်ပေးလိုက်တာပေါ့။ အဲသလိုလည်း ပွင့်သွားရော စာကလေးက ပြတင်းပေါက်ကနေ လှစ်ခနဲ အပြင်ကို ပျံထွက် ပြေးသွားတယ်တဲ့။ အပြင်က သစ်ပင်ပေါ်က သစ်ကိုင်း တစ်ကိုင်းမှာ နားပြီးတော့မှ မြေခွေးအတွက် သီချင်းတစ်ပုဒ်ကို ဆိုပြတယ်။



"မြေခွေးမိုက်က အ,လိုက်တာ
ကျုပ် လှည့်စားတိုင်း ခံရရှာ။
ပြတင်းပေါက်ကို ဖွင့်လို့ပေး
ကျုပ် ပျံထွက်လို့ပြေး"

အခက်အခဲကြုံတဲ့အခါ ဉာဏ်ကို အသုံးချတတ်ဖို့ အဲဒီပုံပြင်လေးကို သင်ခန်းစာယူကြပါ ကလေးတို့ရယ်။

» *The Cock and the Hen*

☺

mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၁၅

## ငန်းထိန်းသမလေး

ဟိုး အတော်ဝေးတဲ့ ရှေးရှေးတုန်းကပေါ့ကွယ်။ နိုင်ငံတစ်နိုင်ငံမှာ မုဆိုးမ ဘုရင်မ တစ်ပါးဟာ တရားနဲ့အညီ အုပ်ချုပ်နေထိုင်တယ်တဲ့။ အဲဒီဘုရင်မဆီမှာ အင်မတန် အင်မတန် လှတဲ့ သမီးလေးတစ်ပါးလည်း ရှိတယ်။ ဘယ်လောက် လှသလဲဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ ဘယ်ပန်းချီဆရာမှ သူ့ကို တူအောင် မရေးနိုင်ဘူးတဲ့။

တစ်နေ့တော့ ဘုရင်မကြီးက မင်းသမီးလေးကို ခေါ်ပြီး ဝမ်းနည်းပက်လက် ပြောတယ်။

"သမီးလေးရေ... သမီးနဲ့ အမေတော့ ခွဲချိန်တန်ပြီကွယ်။ သမီးက အရွယ် ရောက်လာပြီ။ သမီး ပုခက်ထဲကအရွယ်ကတည်းက သမီးအဖေ မကွယ်လွန်ခင် အင်မတန်ဝေးတဲ့ နိုင်ငံတစ်နိုင်ငံက ဘုရင့်သားတော်နဲ့ သမီးကို လက်ထပ်ပေးစားဖို့ ကတိစကား ရှိခဲ့တယ်။ အခုတော့ သမီးရဲ့ ခင်ပွန်းလောင်းရှိရာကို သမီး ခရီး ထွက်ဖို့ အချိန်ရောက်ပြီ"

မင်းသမီးလေးလည်း အမေနဲ့ မခွဲချင်ပေမယ့် အဖေ ဘုရင်ကြီး မသေခင်က ထားခဲ့တဲ့ ကတိဆိုတော့ ငြင်းပယ်လို့ မရတော့ဘူး။ ဘုရင်မက အင်မတန်လှတဲ့ လိပ်ပြာတောင်ပံလေးတွေနဲ့ ချုပ်ထားတဲ့ အပေါ်ရုံအင်္ကျီကို သမီးကို ပေးလိုက်တယ်။ ပြီးတော့ မြင်းနှစ်ကောင်လည်း ပေးတယ်။

မင်းသမီးလေး စီးရမယ့် မြင်းရဲ့နာမည်က 'သိန္ဒော' တဲ့။ အဲဒီမြင်းဟာ သာမန်မြင်း မဟုတ်ဘူး။ လူစကား ပြောတတ်တဲ့ မြင်းပဲ။ နောက် မြင်းတစ်ကောင်က မင်းသမီးလေးအတွက် အဖော်ထည့်ပေးလိုက်တဲ့ အစေခံမလေး စီးဖို့ပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံး သူ့အမေက မှော်ပညာနဲ့ စီစဉ်ထားတဲ့ လက်ကိုင်ပဝါဖြူလေး တစ်ထည်ကို ပေးပြီး–

“သမီး... ဒီလက်ကိုင်ပဝါလေးကို ကိုယ့်မျက်လုံးတွေလိုပဲ ဂရုစိုက်ပါ။ သမီး အန္တရာယ် အမျိုးမျိုး မကြုံရအောင် ဒီလက်ကိုင်ပဝါလေးက အကာအကွယ် ပေးလိမ့်မယ်။ ဒါဟာ အန္တရာယ်ကင်း အဆောင်ပဲ” လို့ မှာလိုက်တယ်တဲ့ကွယ်။

ဒီလိုနဲ့ နှုတ်ဆက်ပြီး ခရီးထွက်ခွာလာလိုက်ကြတာ ခရီးအတော်ပေါက်တော့ မင်းသမီးလေးဟာ ရေဆာလာတယ်။ နေကလည်း အင်မတန် ပူတာကိုး။

ဒီတော့ ပါလာတဲ့ အစေခံမလေးကို–

“ငါ့အတွက် ရွှေခွက်နဲ့ ရေနည်းနည်းလောက် ခပ်ပေးစမ်းပါ” လို့ ပြောတယ်။ အစေခံမလေးကလည်း အကြံရှိနေတော့–

“အို... ရှင့်အတွက် အမှုတော် ထမ်းမနေနိုင်ဘူး။ သောက်ချင်ရင် ကိုယ့်ဘာသာ ကိုယ် ရှာသောက်” လို့ ပြန်ပြောလိုက်တယ်။

အဲဒါကြောင့် မင်းသမီးလေးက မြင်းပေါ်က ဆင်းပြီး အနီးဆုံး စမ်းချောင်းလေးဆီ သွားပြီး ရေကို လက်ခုပ်နဲ့ ခပ်သောက်ရတယ်။ အမှတ်တမဲ့ လက်ခုပ်နဲ့ ခပ်သောက်မိတော့ လက်ထဲမှာ ကိုင်ထားတဲ့ လက်ကိုင်ပဝါဖြူလေးဟာ လက်က လွတ်ပြီး ရေစီးနဲ့ မျောပါသွားတော့တယ်တဲ့ကွယ်။ အဲဒီတော့ သူ့အမေက အကာအကွယ်ပေးဖို့ စီရင်ထားတာတွေလည်း ပျောက်ကွယ်ကုန်တော့တာပေါ့ကွယ်။

☺



mgyoe.com

mgyoe.com SAMPLE BOOK

ဇူလိုင် ၁၆

# ငန်းထိန်းသမလေး

အကောက်ဉာဏ်နဲ့ အစေခံမလေးကတော့ အဲဒီလက်ကိုင်ပဝါ စမ်းချောင်းထဲ ပါသွားတာ မြင်ပြီး ပျော်နေတာပေါ့။ ခရီးဆက်မယ် လုပ်တော့ မင်းသမီးလေးက သူ့အမေ ပေးလိုက်တဲ့ သိန္ဓောမြင်းကို စီးဖို့ပြင်တယ်။ အဲဒီတော့ အစေခံမက–

"ဒီသိန္ဓောမြင်းကို ကျွန်မ စီးမယ်။ ရှင်က ကျွန်မမြင်းကို စီး" ဆိုပြီး မြင်းချင်း ပြောင်းလဲစီးတယ်တဲ့။ သဘောကောင်းလွန်းတဲ့ မင်းသမီးလေးကလည်း ဘာမှ မပြောဘူး။ ဒါတင်မကဘူး၊ မင်းသမီးလေးရဲ့ လိပ်ပြာတောင်ပံလေးတွေနဲ့ ချုပ်ထားတဲ့ နန်းသုံးခြုံထည်ကလေးကိုလည်း အစေခံမက ယူပြီး ခြုံလိုက်သေးတယ်တဲ့။

အစေခံမက မင်းသမီးလေးကို ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောရဘူး။ ပြောတာနဲ့ သတ်ပစ်မယ်လို့လည်း ခြိမ်းခြောက်လိုက်သေးတယ်။ ဒီလိုနဲ့ သူတို့သွားချင်တဲ့ နန်းတော်ကို ရောက်တယ်။

ထွက်ကြိုတဲ့ မင်းသားလေးကလည်း သိန္ဓောမြင်းကိုစီး၊ နန်းသုံးခြုံလွှာ ခြုံထားတဲ့ အစေခံမကိုပဲ မင်းသမီးအစစ် ထင်ပြီး နန်းတော်ထဲ ခေါ်သွားတာပေါ့။ မင်းသမီးလေးကိုတော့ ငန်းတဲကို ငန်းတွေ ထိန်းကျောင်းဖို့ ပို့လိုက်တယ်။ မင်းသမီးလေးဟာ အဲဒီမှာ ငန်းပေါက်စလေးတွေကို ထိန်းကျောင်းတဲ့ ကောင်လေးနဲ့အတူ ငန်းတွေကို ထိန်းကျောင်းနေရတော့တယ်တဲ့ကွယ်။

mgyoe.com

m.gyoe.com SAMPLE BOOK

မင်းသမီးအတုဟာ သိန္ဓောမြင်းကို ကြောက်လန့်နေတယ်။ ဒီမြင်းဟာ လူစကားပြောတတ်တာသိတော့ တစ်နေ့သူတို့အကြောင်းတွေပြန်ပြောလိုက်ရင် ဒုက္ခပဲဆိုပြီး နန်းတော်ထဲက သားသတ်သမားတွေကို ခေါ်ပြီး သတ်ဖြတ်ခိုင်းလိုက်တယ်။ ပြီးတော့ အဲဒီမြင်းရဲ့ ခေါင်းကို မင်းသမီးလေး ငန်းထိန်းသွားတဲ့ လမ်းက ဂိတ်ဝမှာ မြင်သာအောင် ချိတ်ဆွဲထားလိုက်တယ်။



ငန်းထိန်းပြီး ပြန်လာတဲ့ မင်းသမီးလေးဟာ သိန္ဓောမြင်းရဲ့ ခေါင်းပြတ်ကိုလည်း မြင်ရရော အင်မတန် ပူဆွေးသောက ရောက်သွားတယ်။

"ဖြစ်ရလေ သိန္ဓောမြင်းရယ်၊ သနားစရာပဲ" လို့ ပြောပြီး ငိုတယ်။ သိန္ဓောမြင်းရဲ့ ခေါင်းပြတ်ကလည်း စကား ပြန်ပြောတယ်။

"တကယ် သနားစရာကောင်းတာက မင်းပဲ မင်းသမီးလေး။ မင်းသမီးစစ်စစ် ဘဝက ငန်းထိန်းသမ ဖြစ်နေရတယ်။ မင်းအမေဟာ အဲဒီအဖြစ်အပျက်တွေ မြင်ရင် ရင်ကျိုးမှာပဲ"

အဲသလို မင်းသမီးလေး မြင်းခေါင်းပြတ်ကြီးနဲ့ စကားပြောနေတာကို ငန်းပေါက်စလေးတွေ ထိန်းရတဲ့ သူငယ်လေးက မြင်သွားတယ်။ ဒါပေမဲ့ မသိချင်ယောင်ဆောင်ပြီး သူ့ငန်းလေးတွေကိုပဲ ငန်းထိန်းတဲ ရောက်အောင် ကျောင်းသွားတယ်တဲ့။

☺

mgyoe.com